**အဆိုပြုထားသည့် အစုရှယ်ယာရှင်အဖြစ် အတည်ပြုမည့်ရက်နှင့် အမြတ်ဝေစု ခံစားခွင့်မရှိသောအစုရှယ်ယာဝယ်ယူသည့် ရက်အား အသိပေး ကြေညာခြင်း**

ဖတ်(စ်)မြန်မာအင်ဗက်(စ်)မဲ့(န်) ကုမ္ပဏီလီမိတက် (“ကုမ္ပဏီ”နှင့် ၎င်း၏ လက်အောက်ခံ ကုမ္ပဏီခွဲများစုပေါင်း၍ “ကုမ္ပဏီအုပ်စု”) ဒါရိုက်တာအဖွဲ့သည် ၂၀၁၈ခုနှစ်၊ ဇူလိုင်လ (၆)ရက်နေ့ (“အမြတ်ဝေစု ခွဲပေးမည့် စာရင်းအတည်ပြုရက်”) (the “Record Day”) ရှိ ရန်ကုန်စတော့အိတ်ချိန်း (YSX) ၏ အစုရှယ်ယာရှင် စာရင်းအတိုင်း ၂၀၁၈ခုနှစ်၊မတ်လ (၃၁) ရက်နေ့ ကုန်ဆုံးသော ဘဏ္ဍာရေးနှစ်အတွက် အမြတ်ဝေစုထုတ်ပေးရန် ဒါရိုက်တာဘုတ်အဖွဲ့မှ ဆုံးဖြတ်ထားပါသည်။ အဆိုပါအမြတ်ဝေစုကို ကုမ္ပဏီ၏ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် (“၂၀၁၈ ဘဏ္ဍာရေးနှစ်”) ရလဒ်များ နှင့် အတူ ရက်ပိုင်းအတွင်း ထုတ်ပြန်သွားမည်ဖြစ်ပြီး Record Day ၏ ည(၁၁)နာရီ (၅၉)မိနစ်တွင်ရှိသည့် အစုရှယ်ယာရှင် မှတ်တမ်းအတိုင်း ထုတ်ဝေပေးမည်ဖြစ်ပါသည်။

YSX စာရင်းပေးချေရှင်းလင်းမှု စနစ်အရ Record Day စာရင်းဝင်နိုင်ရန် အစုရှယ်ယာရှင်များအနေနှင့် ၂၀၁၈ခုနှစ်၊ဇူလိုင်လ (၃)ရက်နေ့ (the “Last Day to Trade”) နောက်ဆုံးထား၍ အရောင်းအဝယ်ပြုလုပ်ရမည် ဖြစ်သည်။ ထိုရက်နောက်ပိုင်းဖြစ်သည့် ၂၀၁၈ ခုနှစ်၊ဇူလိုင်လ (၄)ရက်နေ့ (“အမြတ်ဝေစုခွဲပြီးနောက်ရက်”)(“the Ex-Day”) ရက်နေ့မှစ၍ အမြတ်ဝေစု မပါသည့် စျေးနှုန်းဖြင့် YSX စျေးကွက်တွင်အရောင်းအဝယ်ပြုလုပ်မည်ဖြစ်ပါသည်။ ထို့ကြောင့် (the “Last Day to Trade”) မတိုင်မီ အစုရှယ်ယာရောင်းချခဲ့လျှင် အစုရှယ်ယာအတွက် အမြတ်ဝေစုရရှိမည်မဟုတ်ပါ။

ငွေချေးသက်သေခံလက်မှတ်စာရင်း (Securities Account) မဖွင့်လှစ်ရသေးသော အစုရှယ်ယာရှင်များအနေဖြင့် ကုမ္ပဏီမှ ထိန်းသိမ်းထားသည့် အထူးစာရင်း (Special Account) မှတဆင့် အဆိုပြုထားသည့် အမြတ်ဝေစု အားရရှိမည်ဖြစ်ပါသည်။

အထက်ပါကိစ္စရပ်နှင့်စပ်လျဉ်း၍ အရေးကြီးသောရက်များမှာ အောက်ပါအတိုင်းဖြစ်၍ အစုရှယ်ယာရှင်များအနေနှင့် ဂရုပြုစေလိုပါသည်။

| **အကြောင်းအရာ** | **ရက်စွဲ** |
|---|---|
| နှစ်ပတ်လည်အထွေထွေ အစည်းအဝေးကျင်းပမည့်ရက် | ၂၀၁၈ခုနှစ်၊ ဇူလိုင်လ (၂၉) ရက် |
| ရှယ်ယာအရောင်းအဝယ်ပြုရမည့် နောက်ဆုံးရက် | ၂၀၁၈ခုနှစ်၊ ဇူလိုင်လ (၃) ရက် |
| အမြတ်ဝေစုခွဲပြီးနောက်ရက် | ၂၀၁၈ ခုနှစ်၊ ဇူလိုင်လ (၄) ရက် |
| အမြတ်ဝေစုခွဲဝေပေးမည့်စာရင်းအတည်ပြုရက် | ၂၀၁၈ခုနှစ်၊ ဇူလိုင်လ (၆) ရက် |

ဒါရိုက်တာအဖွဲ့၏ အမိန့်အရ

ထွန်းထွန်း
အမှုဆောင်ဒါရိုက်တာ
၂၀၁၈ခုနှစ် ဇွန်လ (၂၆)ရက်